FORB Learning Platform

# ဇာတ်ညွှန်း : လွတ်လပ်စွာ ကိုးကွယ်ခြင်း (သို့) သက်ဝင်ယုံကြည်မှု အကြောင်းအရာများ - ကိုးကွယ်မှု နှင့်သက်ဝင်ယုံကြည်မှုကို လူသိရှင်ကြား ကျင့်သုံးခွင့်/ဖော်ပြခွင့်

လွတ်လပ်စွာ ကိုးကွယ်ခြင်း (သို့) သက်ဝင်ယုံကြည်ခြင်းရဲ့ ဒုတိယအရေးကြီးဆုံးက မိမိ ကိုးကွယ်တဲ့ဘာသာ (သို့) သက်ဝင်ယုံကြည်မှုကို လွတ်လပ်စွာ သင်ပြခွင့်၊ ကျင့်သုံးခွင့်၊ ဂုတ်ပြု ကိုးကွယ်ခွင့်နှင့် စောင့်ထိမ်းခွင့်တို့ ဖြစ်ပါတယ်။ ဒါကို လွတ်လပ်စွာ ကိုးကွယ်ခြင်း (သို့) သက်ဂင်ယုံကြည်ခြင်းရဲ့ ပြင်ပအသွင်အပြင်လို့ သိရှိထားပါတယ်။ ဘာသာတရားရရှိခွင့် (သို့) ပြောင်းလဲပိုင်ခွင့်နဲ့ မတူတာကတော့ ဒီလိုဘာသာတရား လိုက်နာကျင့်သုံးပိုင်ခွင့်ဟာ ပြည့်ဝ တဲ့အခွင့်အရေးမဟုတ်တာပါပဲ။ တချို့အခြေအနေတွေ မှာတော့ ဒီအခွင့်အရေးကို ကန့်သတ်နိုင် နိုင်ပါတယ်။

လူသိရှင်ကြားကျင့်သုံးခွင့်ဆိုတာက မိမိရဲ့ယုံကြည်ခြင်း (သို့) သက်ဝင်ယုံကြည်မှုကို ကိုယ်အမူအရာ၊ နှုတ်အမူအရာတွေနဲ့ ထုတ်ဖော်ပြသခြင်း ဖြစ်ပါတယ်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ဥပဒေက အဲဒီ လိုက်နာကျင့်သုံးခွင့်ကို သီးခြားတစ်ကိုယ်ရေ (သို့) အများနှင့်အတူ လူသိရှင်ကြားဖြစ်စေ၊ သီးသန့်ဖြစ်စေ လုပ်ဆောင်ခွင့်ကို ပေးထားပါတယ်။

သင်ဟာ သီးခြားတစ်ကိုယ်ရေ ဆုတောင်းခွင့် နှင့် လူအများနဲ့အတူ စုပေါင်းဝတ်ပြုခြင်း၊ ရိုးရာဓလေ့ထုံးတမ်းကျင့်သုံးခြင်းများနှင့်အခြားယုံကြည်သူများစွာနှင့်အတူ သင်ဟာလည်း အစိတ်အပိုင်းတစ်ခုအဖြစ် သင်ကိုးကွယ်တဲ့ဘာသာ (သို့)  သက်ဝင်ယုံကြည်မှုကို လူသိရှင်ကြားကျင့်သုံးခွင့်ရှိပါတယ်။

ထိုယုံကြည်သူလူမှုအစုအဖွဲ့မှာလည်း အခွင့်အရေး ရှိပါတယ်။ အဲဒီအခွင့်အရေးဟာ အဖွဲ့ဂင်များအတွင်းအတွက် မဟုတ်ဘဲ အစိုးရနှင့်ဆက်နွယ်နေတဲ့ အခွင့်အရေးတွေ ဖြစ်ပါတယ်။ ဒီမှာ အရေးအကြီးဆုံးတစ်ခုကတော့ နိုင်ငံတော်အနေနဲ့ ကိုးကွယ်တဲ့ဘာသာနှင့် သက်ဂင်ယုံကြည်မှုရှိတဲ့သူတွေကို  ဥပဒေအရ အသိအမှတ်ပြုတဲ့ မှတ်ပုံတင်ရရှိနိုင်အောင် အသေအချာဆောင်ရွက်ပေးဖို့ လိုပါတယ်။ ဒါမှ သူတို့ဟာ ဘဏ်စာအုပ်ဖွင့်နိုင်မယ်၊ အလုပ်အကိုင် ရရှိစေမယ်၊ အဆောက်အဦးတွေ ပိုင်ဆိုင်နိုင်မယ်၊ ပြီးတော့  အဖွဲ့အစည်းတွေ တည်ထောင်နိုင်မှာ ဖြစ်ပါတယ်။

ကိုးကွယ်မှု သို့မဟုတ် သက်ဂင်ယုံကြည်မှုကို တစ်ဦးတည်းဖြစ်ဖြစ်၊ အစုအဖွဲ့လိုက်ဖြစ်ဖြစ် ကျင့်သုံး ဖို့နှင့် ဖော်ပြဖို့ နည်းလမ်းများစွာ ရှိပါတယ်။ ကုလသမဂ္ဂက ကျွမ်းကျင်သူတွေကလည်း အကာအကွယ် ပြုပေးထားတဲ့ လုပ်ဆောင်ချက် နမူနာအများကြီးကို ပေးထားခဲ့ပါတယ်။

- ဝတ်ပြုဖို့ စုဝေးခြင်း၊ ပွဲတော်တွေ ကျင်းပခြင်းနှင့် နားရက်တွေကိုစောင့်ထိန်းခြင်း
- ဘာသာရေးဝတ်စုံတွေ ဂတ်ဆင်ပြီး အစာရှောင်ခြင်း
- ဝတ်ပြုရန်နေရာ ရှိခြင်း၊ သုသာန်များသတ်မှတ်ပေးခြင်းနှင့် ဘာသာရေးအမှတ်အသားများ ပြသခြင်း
- လူမှုအသိုင်းအဝန်းမှာ ကဏ္ဍအလိုက် ပါဂင်ခြင်း - ဥပမာ - ပရဟိတအဖွဲ့များ ဖွဲ့စည်းပြီး ပါဂင်ဆောင်ရွက်ခြင်း
- ကိုးကွယ်မှုနှင့် သက်ဝင်ယုံကြည်မှုများအကြောင်း ဂေမျခြင်း၊ သင်ကြားခြင်းနှင့် ခေါင်းဆောင်များကို သင်တန်းပေးခြင်း သို့မဟုတ် ခန့်အပ်ခြင်း
- သင်၏သက်ဝင်ယုံကြည်မှုများအကြောင်းကို စာပေရေးသားခြင်း၊ ထုတ်ဝေခြင်းနှင့် ဖြန့်ချီခြင်း
- နိုင်ငံတော်နှင့် နိုင်ငံတကာအဆင့်များမှာ မိမိသက်ဝင်ယုံကြည်မှုဆိုင်ရာ အကြောင်းများကို ဆက်သွယ်ပြောဆိုခြင်း
- မိမိဆန္ဒအတိုင်း ထည့်ဂင်တဲ့ အလှူငွေများ ကောက်ခံခြင်း

ဒီအဆင့်မှာတော့သင့်အနေနဲ့ ဒါဟာ ငါ့လူမှုအသိုင်းအဝိုင်းအတွက် ငါရစေချင်တဲ့အခွင့်အရေးပဲ၊ ကောင်းတယ် - လို့သင်ပြောကောင်းပြောပါလိမ့်မယ်။

အဖွဲ့ဝင်တွေကို ဖိနှိပ်ချုပ်ချယ်ပြီး အခြားလူတွေကို အမုန်းတရားနဲ့ အကြမ်းဖက်မှုလုပ်ဆောင်ဖို့ လှုံ့ဆော်တဲ့ အသင်းအဖွဲ့တွေဆိုရင်ရော ဘယ်လိုလုပ်မလဲဆိုပြီး စိုးရိမ်မှုလည်း ရှိနေနိုင်ပါတယ်။ သူတို့ကော သူတို့ရဲ့ သက်ဂင်ယုံကြည်မှု ပြန့်ပွားရေးနှင့် ကျင့်သုံးဖို့ လွတ်လပ်ခွင့် ရှိပါ့မလား။

ဒါကို တုန့်ပြန်ဖို့ နည်းလမ်း (၂) မျိုး ပေးချင်ပါတယ်။

အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့်နိုင်ငံရေးဆိုင်ရာအခွင့်အရေးဆိုင်ရာ  သဘောတူစာချုပ်ရဲ့အပိုဒ် (၅) အရ အခွင့်အရေးတစ်ခုကို အသုံးပြုပြီး အခြားအခွင့်အရေးတွေကို ထိခိုက်စေတာမျိုးကို တားမြစ်ပိတ်ပင်ထားပါတယ်။ ဒါကြောင့် လွတ်လပ်စွာ ကိုးကွယ်ခြင်းနဲ့ သက်ဝင်ယုံကြည်ခြင်းဟာ လူတွေကိုဖိနှိပ်ဖို့၊ အကြမ်းဖက်မှုကို နိုးဆော်ဖို့ နှင့် အကြမ်းဖက်မှုတွေကျူးလွန်ဖို့ နိုင်ငံတော်နှင့် မည်သည့်ပုဂ္ဂိုလ် ဒါမှမဟုတ် အသင်းအဖွဲ့ကိုမှ အခွင့်အရေးပေးမထားပါဘူး။

အစိုးရတော်တော်များများနဲ့ အစုအဖွဲ့တွေက အင်အားသုံး ဖိနှိပ်မှုတွေတော့ရှိနေပါတယ်။ ဒါပေမယ့် လွတ်လပ်စွာ ကိုးကွယ်ခွင့် (သို့) သက်ဝင်ယုံကြည်မှုအရ ဒါတွေလုပ်ဆောင်ခွင့် ပေးမထားပါဘူး။ ဖိနှိပ်ချယ်လှယ်မှု နှင့် အကြမ်းဖက်မှုခံရသူတွေကို ကာကွယ်ပေးဖို့ သာ ရှိနေတာဖြစ်ပါတယ်။

ဒုတိယ တစ်ချက်ကတော့ မိမိကိုးကွယ်တဲ့ဘာသာ (သို့) သက်ဝင်ယုံကြည်ချက်ကို လွတ်လပ်စွာ ကိုးကွယ်ခွင့် နှင့် ရွေးချယ်ခွင့်ကို ကန့်သတ်ထားလို့ မရပေမယ့် အဲဒီကိုးကွယ်တဲ့ ဘာသာကို ထုတ်ဖော်ခွင့်နှင့် ကျင့်သုံးခွင့်တော့ ကန့်သတ်နိုင်ပါတယ်။ ဒါပေမယ့် စာချုပ်ရဲ့အပိုဒ် ၁၈ ပါ အောက်ပါစည်းမျဉ်း (၄)ခုနဲ့ ကိုက်ညီမှသာ ကန့်သတ်လို့ ရနိုင်ပါတယ်။

ကန့်သတ်ချက်တွေကို ဥပဒေနဲ့ ဖော်ပြပေးရမှာဖြစ်ပြီး၊ ပြဿနာတွေ ဖြေရှင်းတဲ့အခါ တခြားလူတွေကို ကာကွယ်ပေးဖို့ဖြစ်ကြောင်း၊ ခွဲခြားမှုမရှိဖို့နှင့် ညီတူညီမျှဖြစ်ဖို့ လိုအပ်ပါတယ်။

ဒီစည်းမျဉ်းတွေဟာ အလွန်အရေးကြီးပါတယ်။ ဒီစည်းမျဉ်းတွေမရှိရင် အစိုးရတွေက သူတို့ သဘောမကျတဲ့ ဘယ်အသင်းအဖွဲ့နဲ့ ဘယ်ကျင့်သုံးမှုကိုမဆို ကန့်သတ်နိုင်သွားမှာ ဖြစ်ပါတယ်။

ကန့်သတ်ခြင်းဆိုတာ နောက်ဆုံးအဆင့် ဖြေရှင်းချက်သာ ဖြစ်သင့်ပြီး နိုင်ငံတော်က ထိန်းချုပ်လို့ ရမည့်အရာတစ်ခု ဖြစ်မနေသင့်ပါ။ စိတ်မကောင်းစရာကတော့၊ အစိုးရတော်တော် များများဟာ ဒီစည်းမျဉ်းတွေကိုလျစ်လျူရှုထားပြီး ဘာသာရေးထုတ်ဖော်ကျင့်သုံးခွင့်ကို နိုင်ငံတော် ကိုယ်တိုင်က ချိုးဖောက်ခဲ့တဲ့ သာဓကတွေ အများကြီးရှိနေခဲ့တာပါပဲ။

အဖွဲ့အစည်းမှတ်ပုံတင်ခြင်းကို ကန့်သတ်ထားတဲ့ ဥပဒေက အဓိကပြဿနာဖြစ်နေပါတယ်။ တချို့အစိုးရတွေက ဘာသာရေး အဖွဲ့အစည်းတွေကို မှတ်ပုံတင်ဖို့ တောင်းဆိုထားပြီး မှတ်ပုံတင်ရရှိမှုအပေါ် မူတည်ပြီး ကိုးကွယ်ခြင်း (သို့) သက်ဝင်ယုံကြည်မှု အခွင့်ကို ပေးခဲ့ကြပါတယ်။ ဒီနည်းလမ်းဟာ နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာ ရောက်ပါတယ်။ မှတ်ပုံတင်ခြင်းဆိုတာက မိမိကိုးကွယ်တဲ့ ဘာသာကို ထုတ်ဖော်ခွင့် ရရှိဖို့ မရှိမဖြစ်လိုအပ်တဲ့အရာ ဖြစ်မနေသင့်ပါဘူး။ မှတ်ပုံတင်ခြင်းဟာ ဥပဒေအရတရားဝင်ဖြစ်ချင်တဲ့ အဖွဲ့အစည်း တွေအတွက် အထောက်အကူ အဖြစ်သာရှိသင့်ပါတယ်။

မှတ်ပုံတင်မထားတဲ့ ဘာသာရေး ထုတ်ဖော်ခွင့်ကို တားမြစ်ပိတ်ပင်တဲ့ အစိုးရ တွေဟာ အဖွဲ့အစည်းတွေရဲ့ မှတ်ပုံတင်နိုင်ခြင်းကို ကန့်သတ်ထားတဲ့ ဥပဒေများကိုလည်း ကိုင်စွဲလေ့ ရှိပါတယ်။ ဥပမာအနေနဲ့ ကာဇက်စတန်က မှတ်ပုံတင်မထားတဲ့ ဘာသာရေးလှုပ်ရှားမှုကို တားမြစ်ပိတ်ပင်ပြီး အသင်းအဖွဲ့တော်တော်များများဟာလည်း မှတ်ပုံတင်ခွင့်မရရှိကြပါဘူး။ မိမိဘာသာဝင် မဟုတ်တဲ့သူကို မိမိဘာသာအကြောင်း ပြောပြ တာဟာလည်း ဥပဒေနဲ့မညီညွတ်မှုတစ်ခုဖြစ်ပြီး ဘာသာရေးစာပေအားလုံးဟာ မထုတ်ဝေခင် ဆင်ဆာဖြတ်ရ ပါတယ်။ ဒါဟာ ဘာသာရေးအသိုင်းအဝိုင်းတစ်ခုလုံးအပေါ် သက်ရောက် ပါတယ်။

အစိုးရတွေက ဘာသာရေးကျင့်သုံးခွင့်ကို နည်းမျိုးစုံနဲ့ တားမြစ်ကြပါတယ်။ ဗီယက်နမ် အစိုးရဟာ သူတို့ရဲ့ တစ်ဆူတည်းသောစေတီတော်မှာ ဟော်ဟော်ဗုဒ္ဓဘာသာဝင်တွေ မဖူးမြော်နိုင်အောင် စစ်ဆေးရေးဂိတ်တွေထားပြီး တားဆီးထားပါတယ်။ ဆော်ဒီအာရေဗျနိုင်ငံမှာ မွတ်ဆလင်မဟုတ်တဲ့

ဘာသာခြားတွေ လူမြင်ကွင်းမှာ ဂတ်ပြုကိုးကွယ်ခြင်းကို တားမြစ်ထားပြီး တချို့ ရွှေ့ပြောင်း လုပ်သားတွေဟာ ဂတ်ပြုကိုးကွယ်ဖို့ အတင်းစုရုံးရောက်ရှိလာတယ်ဆိုပြီး ဖမ်းဆီးတာနဲ့ နယ်နှင်ဒဏ်ပေးတာ ခံခဲ့ရပါတယ်။ တရုတ်နဲ့ အင်ဒိုနီးရှားက တချို့ ဒေသမှာလည်း ခရစ်ယာန်ဘုရားကျောင်းတွေကို အာဏာပိုင်တွေက ဖျက်ဆီးပစ်တာ ရှိခဲ့ပါတယ်။

ရုရှားနိုင်ငံရဲ့ဥပဒေအရ မိမိတို့ကိုးကွယ်တဲ့ဘာသာကို ငြိမ်းချမ်းစွာ ကိုးကွယ်ခြင်းအပါအဝင် အစွန်းရောက်ဝါဒများနဲ့ပတ်သက်ပြီး ပုံနှိပ်ထုတ်ဝေမှု ထောင်ပေါင်းများစွာဟာ ပိတ်ပင်တားမြစ်ခြင်း ခံခဲ့ရပါတယ်။ စာလုံးတစ်လုံးဟာ တားမြစ်ပိတ်ပင်ခံရနိုင်မလားလို့ စစ်ဆေးဖို့ အလွန်ခက်ခဲပေမယ့် အဲဒီစာကို လက်ဝယ်ပိုင်ဆိုင်မှုနဲ့ ဒဏ်ရိုက်ခြင်း၊ အကျဉ်းချခြင်း ဒါမှမဟုတ် ကိုးကွယ်ယုံကြည် သူတွေကို ပိတ်ပင်တားမြစ်ခြင်းတွေ ခံရနိုင်ပါတယ်။ ဘယ်ကိုးကွယ်ယုံကြည်မှုတွေကို ဘယ်သူက ဘယ်နေရာမှာ မျှဝေပေးခွင့်ရှိလဲဆိုတဲ့အပေါ် ပြင်းထန်တဲ့ကန့်သတ်ချက်တွေ ချမှတ်ထားခဲ့ပါတယ်။

ပြင်သစ်နိုင်ငံမှာလည်း အချို့မြို့တော်ဝန်တွေက ဘာကီနီလို့ ခေါ်တဲ့ မျက်နှာတစ်ခုသာပေါ်တဲ့ ရေကူးဂတ်စုံဂတ်ဆင်ခြင်းကို ပြည်သူလူထုအတွင်း သဟဇာတဖြစ်စေမှုကိုအခြေခံသည်ဟုဆိုကာ ပိတ်ပင်တားမြစ်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒီဥပဒေကို နိုင်ငံတော်ရဲ့ အမြင့်ဆုံးအုပ်ချုပ်ရေးတရားရုံးက ပယ်ဖျက်ခဲ့ပေမယ့် မျက်နှာတစ်ခုသာ ပေါ်တဲ့ ဂတ်စုံဂတ်ဆင်ခြင်းကို တားမြစ်ပိတ်ပင်မှုက ဆက်လက်ရှိနေဆဲပါ။ တချို့ ဥရောပနိုင်ငံတွေမှာတော့ လည်လှီးပြီး သားသတ်တဲ့ ဟာလာ နဲ့ ကိုရှာကို တားမြစ် ထားပါတယ်။

ကိုးကွယ်တဲ့ဘာသာကို လူသိရှင်ကြားကျင့်သုံးခွင့်ကို လူတွေနဲ့ လူမှုအသိုင်းအဝိုင်းထဲမှာရှိတဲ့ အသင်းအဖွဲ့တွေရဲ့ လုပ်ဆောင်မှုတွေနဲ့လည်း ကန့်သတ်ထားပါတယ်။ ဥရောပနိုင်ငံ (၉) ခုမှာရှိတဲ့ ဂျူးလူမျိုးအယောက် (၅၀၀၀) ကျော်ကို စစ်တမ်းကောက်ယူကြည့်တဲ့အခါ ၂၂ ရာခိုင်နှုန်းက သူတို့ရဲ့လုံခြုံရေးကို စိုးရိမ်တဲ့အတွက် ကစ်ပါ (kippa) လို အဝတ်အစားမျိုး ဝတ်ဆင်ခြင်းကို ရှောင်ကျဉ်ကြတယ်လို့ ဖြေကြပါတယ်။ နိုင်ငံတော်တော်များများမှာလည်း ဂျူးလူမျိုးတွေရဲ့ သုသာန်တွေကို ဖျက်ဆီးထားကြပါတယ်။

အီဂျစ်၊ ပါကစ္စတန်နှင့် နိုင်ဂျီးရီးယားလို နိုင်ငံတွေမှာလည်း အစ္စလာမ်ဘာသာအမည်ခံပြီး အကြမ်းဖက်မှုတွေ ကျူးလွန်နေတဲ့ အကြမ်းဖက်အဖွဲ့တွေ တိုက်ခိုက်မှာ စိုးရိမ်တဲ့အတွက် ဝတ်ပြု ကိုးကွယ်တဲ့ နေရာဆီ လူတွေ လာရောက်စုရုံးဖို့ ကြောက်ရွံ့နေခဲ့ကြပါတယ်။ အာဖရိကအလယ်ပိုင်း ဒေသတွေမှာလည်း မွတ်ဆလင်တွေကို ပစ်မှတ်ထားတိုက်ခိုက်တဲ့ အရပ်သားတပ်ဖွဲ့တွေရဲ့ ရန်ကို ကြောက်ရွံ့တဲ့အတွက် သောကြာနေ့ စုပေါင်းဝတ်ပြုခြင်းလည်း မပြုလုပ်နိုင်တော့ပါဘူး။

အကျဉ်းချုပ်ပြောရရင် မိမိကိုးကွယ်တဲ့ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်မှုကို လူသိရှင်ကြား လွတ်လပ်စွာ ကိုးကွယ်ခွင့်ဟာ တစ်ဦးတစ်ယောက်စီနှင့် အသင်းအဖွဲ့တို့နှစ်ခုလုံးရဲ့ ယုံကြည်ခြင်း (သို့) သက်ဝင်ယုံကြည်မှုကို ကိုယ်အမူအရာ၊ နှုတ်အမူအရာနဲ့ဖော်ပြခွင့်ကို ကာကွယ်ပေးထား

ပါတယ်။ ဒါကို သီးသန့်ဖြစ်ဖြစ်၊ လူသိရှင်ကြားဖြစ်ဖြစ် ဆောင်ရွက်နိုင်ပါတယ်။ လူ့အခွင့်အရေး ဆိုင်ရာ မှတ်တမ်းတွေမှာ ဒီလိုအကာအကွယ်ပေးတာနဲ့ ပတ်သက်ပြီး မတူညီတဲ့သာဓက အများကြီး တွေ့နိုင်ပါတယ်။ ပြီးတော့ အဖွဲ့အစည်းတွေကို ကာကွယ်ပေးဖို့ အရေးကြီးဆုံးတစ်ခုက တရားဝင် မှတ်ပုံတင်ထားရှိနိုင်ခွင့်ပဲ ဖြစ်ပါတယ်။

ကိုးကွယ်ရာဘာသာ (သို့) သက်ဝင်ယုံကြည်မှုကို လူသိရှင်ကြားကျင့်သုံးခွင့်ဟာ ကန့်သတ်ချက် ရှိနိုင်ပေမယ့်၊ ကန့်သတ်ခဲ့မယ်ဆိုရင်လည်း ဥပဒေဘောင်အတွင်းက လုပ်ဆောင်မှုဖြစ်ရန်၊ အခြားလူတွေကိုကာကွယ်ရန်၊ ခွဲခြားဆက်ဆံမှုမရှိရန် နှင့် ဖြေရှင်းလိုတဲ့ ပြဿနာနဲ့အချိုးအဆညီညွတ်ရန်လိုအပ် ပါတယ်။

စိတ်မကောင်းစရာကတော့ ကမ္ဘာတစ်ဝှမ်းက အစိုးရတော်တော်များများဟာ ဒီစည်းမျဉ်းဥပဒေကို မလိုက်နာကြတာပါ။ ကိုးကွယ်မှု သို့မဟုတ် သက်ဝင်ယုံကြည်မှုကို လူသိရှင်ကြား လွတ်လပ်စွာ ကျင့်သုံးခွင့်ကို အစိုးရကရော ‌င့် ဒေသအတွင်းရှိအသင်းအဖွဲ့တွေကပါ ချိုးဖောက်ခဲ့ကြပါတယ်။

ကိုးကွယ်မှု သို့မဟုတ် သက်ဝင်ယုံကြည်မှုကို လူသိရှင်ကြား လွတ်လပ်စွာ ကျင့်သုံးခွင့်အပြင်၊ ၎င်းနှင့် ဆက်စပ်တဲ့ လူ့အခွင့်အရေးဆိုင်ရာအကြောင်းအရာတွေကို ဝက်ဘ်ဆိုက်မှာ တင်ထားတဲ့ သင်ထောက်ကူ အကြောင်းအရာတွေမှာ ပိုမိုလေ့လာနိုင်ပါတယ်။

မူပိုင် - SMC 2018